## ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ မန္တလေးမြို့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျင်းပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်

၂၀၁၄ ခုနှစ်ဇူလိုင်လ ၂ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း မန္တလေးမြို့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် အကြံပြုဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသောပုဂ္ဂိုလ်များ၏ အမည်စာရင်း များအား ပူးတွဲ ဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၇)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ အထွေထွေ။

***မှတ်ချက်။ ။ လက်သည်းကွင်းတွင်ဖော်ပြထားသော (၃)၊ (၆) စသည်တို့သည် အကြောင်းအရာတစ်ခုအား ပုဂ္ဂိုလ်အသီးသီးမှ အကြံပြုဆွေးနွေးပွဲအတွင်း ဆွေးနွေးခဲ့သည့် အကြိမ်အားဖော်ပြထားခြင်းဖြစ်သည်။***

**စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး**

ကမ္ဘာ့ဘဏ်အနေဖြင့် နည်းပညာအကူအညီ၊ ဈေးကွက်များတိုးမြှင့်ရရှိရေးနှင့် ငွေကြေးအရင်းအနှီးလက်လှမ်းမှီနိုင်ရန် အကူအညီပေးသင့်သည်။ (၅)

- စိုက်ပျိုးရေးထုတ်ကုန်များကိုတိုးမြှင့်ထုတ်လုပ်ပါက ဈေးကွက်များရရှိရန်လိုအပ်သည်။
- လယ်သမားများ၏ ဝင်ငွေတိုးမြှင့်ရရှိရန်နှင့် ဈေးကွက်မတည်ငြိမ်မှုကြောင့်ဆုံးရှုံးမှုများကို ရှောင်ကြဉ်နိုင်ရန် အတိုးနည်းနည်းဖြင့်ချေးငွေများပေးသင့်သည်။
- လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည်စိုက်ပျိုးရေးကိုမှီခိုနေသောကြောင့် ဤကဏ္ဍတိုးတက်ရေးကို ဦးစားပေးရမည်။
- အပူပိုင်းဒေသများတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကိုလျော့ကျရန် အကူအညီပေးသင့်သည်။ ပြည်ပသို့တင်ပို့နိုင်ရန် အဆင့်မီသွင်းအားစုများကူညီသင့်သည်။ လယ်သမားများအတွက်ငွေကြေးအရင်းအနှီး လက်လှမ်းမှီအောင်ဆောင်ရွက်ပေးသင့်သည်။
- စိုက်ပျိုးရေးကဏ္ဍတွင် FDI ကိုအားမပေးသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ထိရောက်သောမြေယာစီမံခန့်ခွဲမှု စနစ်နှင့် တရားစီရင်မှုဥပဒေမရှိသေးသောကြောင့် မြေယာဆုံးရှုံးမှုများဖြစ်ပေါ်စေနိုင်သည်။

**ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး**

ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက်အကူအညီပေးသင့်သည် (၃)။ FDI အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်ပြိုင်နိုင်ရန်ကူညီသင့်သည်။

**ပညာရေး**

- ကျေးလက်ဒေသများတွင်ဆရာအင်အား မလုံလောက်မှုကိုကမ္ဘာ့ဘဏ်မှထောက်ပံ့သင့်သည်။ ပညာရေးကဏ္ဍ နိုင်ငံတကာအဆင့်မီမှ မြန်မာ့နိုင်ငံရေးတိုးတက်လာမည်ဖြစ်သည်။
- လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သင့်သည်။ (၂)
- ပြည်သူများ၏ စိတ်ဓါတ်ကိုပြုပြင်ပေးသင့်သည်။

**ကျန်းမာရေး**

ကျန်းမာရေးကဏ္ဍတိုးတက်စေရန် ကမ္ဘာ့ဘဏ်အနေဖြင့် အစိုးရ၊ အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သင့်သည်။ (၂)

ကမ္ဘာ့ဘဏ်အနေဖြင့်ကျန်းမာရေးကဏ္ဍတွက် မလုပ်ကိုင်သင့်ပါ။ အဘယ်ကြောင့်ဆိုသော်အခြားအဖွဲ့အစည်းများ အနေဖြင့် ပါဝင်လုပ်ကိုင်နေပြီးဖြစ်သောကြောင့်ဖြစ်သည်။

**လျှပ်စစ်**

လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့တွင်ကမ္ဘာ့ဘဏ်မှ ငွေကြေး၊ နည်းပညာများကူညီသင့်သည်။

- ကျေးလက်ဒေသများတွင် လျှပ်စစ်မီးများရရှိပါက SME များတိုးတက်လာပါမည်။ အကျိုးဆက်အဖြစ် အလုပ်အကိုင်များဖန်တီးလာနိုင်မည်။
- လျှပ်စစ်သည် အခြားကဏ္ဍများအားလုံးဖွံ့ဖြိုးရေးအတွက်အဓိကကျသည်။
- ထွက်ကုန်များသိုလှောင်ခြင်း၊ ဖြန့်ဝေခြင်းများတွင် လျှပ်စစ်ကဏ္ဍသည်အရေးကြီးသည်။

**သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး**

- ကမ္ဘာ့ဘဏ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်အောင်ကူညီသင့်သည်။ (၃) အဘယ်ကြောင့်ဆိုသော် လမ်းပန်းဆက်သွယ်ရေးသည် ထွက်ကုန်များသိုလှောင်ခြင်း နှင့်ဖြန့်ဖြူးခြင်းများပြုရာတွင်အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။
- ကမ္ဘာ့ဘဏ်အနေဖြင့် ဆက်သွယ်ရေးကဏ္ဍတိုးတက်စေရန် အကူအညီပေးသင့်သည်။ (၂)

**အထွေထွေ**

- ကာလရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် နိုင်ငံရေးအကူးအပြောင်းကာလ ညင်သာမှုရှိခြင်း၊ မက်ခရိုစီးပွားရေးစနစ် တည်ငြိမ်မှုရှိခြင်း၊ ပြည်သူ့ဘဏ္ဍာငွေ အရင်းအမြစ်များကို စီမံခန့်ခွဲခြင်းနှင့် အကျိုးရှိရှိအသုံးပြုနိုင်ခြင်း၊ မူဝါဒချမှတ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုများပေးအပ်ခြင်းတို့တွင် အစိုးရ၏ စွမ်းဆောင်ရည်မြင့်မားခြင်း စသည်တို့သည် အရေးကြီးသောကြိုတင်ရှိထားရမည့်အခြေအနေများ ဖြစ်ကြောင်း သဘောတူပါသည်။
- ကဏ္ဍအားလုံးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ (၂)
- မြန်မာတို့ နောက်ကျကျန်နေခဲ့သော ဖွံ့ဖြိုးမှုနယ်ပယ်များအား ကမ္ဘာ့ဘဏ်မှသေချာစွာ လေ့လာသုံးသပ်သင့်သည်။

**တက်ရောက်လာသောပုဂ္ဂိုလ်များ၏အမည်စာရင်း**

| **အမည်** | **အဖွဲ့အစည်း** |
|---|---|
| ဒေါ်တိုးတိုးစိန် | မြန်မာ့အာမခံလုပ်ငန်း |
| ဒေါ်အေးအေးစိန် | ပင်စင်ဦးစီး |
| ဒေါ်စံသာမွန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ဦးကြည်ဖေ | တိုင်းဒေသကြီးလွှတ်တော် |
| ဒေါ်မြမြစန်း | တိုင်းစီမံကိန်း |
| ဒေါ်တင်တင်မာ | တိုင်းဒေသကြီးလွှတ်တော် |

ဤပုဂ္ဂိုလ်သည် အမည်စာရင်းတွင်ဖော်ပြရန် ဆန္ဒမရှိပါ

ဦးအောင်ခိုင်မင်း

ဤပုဂ္ဂိုလ်သည် အမည်စာရင်းတွင်ဖော်ပြရန် ဆန္ဒမရှိပါ

| | |
|---|---|
| ဦးခင်ဇော် | ဘဏ် ၂ |
| ဦးမြတ်သူ | တိုင်းဒေသကြီးလွှတ်တော် |

| | |
|---|---|
| ဦးသိန်းရွှေမန်း | မြန်မာ့စီးပွားရေးဘဏ် |
| ဒေါ်သန္တာသွယ် | မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး |
| ဒေါ်မို့မို့လွင် | လုပ်ငန်းကြီးကြပ်စစ်ဆေးရေး |
| ဦးကိုကိုလွင် | တိုင်းဒေသကြီးလွှတ်တော် |
| ဦးယဉ်မင်းအောင် | တိုင်းဒေသကြီးနှင့်ပြည်နယ် အကောက်အခွန် |
| ဦးထွန်းဝင်း | တိုင်းဒေသကြီးလွှတ်တော် |
| ဦးဟန်စိုး | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ဒေါက်တာမြင့်ကြူ | မန္တလေးတိုင်းအစိုးရ |
| ဦးအောင်သိန်း | တိုင်းဒေသကြီးလွှတ်တော် |
| ဦးအောင်သူ | တိုင်းဒေသကြီးလွှတ်တော် |
| ဦးညီညီ | တိုင်းဒေသကြီးလွှတ်တော် |
| ဦးစိန်သောင်း | တိုင်းဒေသကြီးလွှတ်တော် |
| ဦးအောင်ကြည် | တိုင်းဒေသကြီးလွှတ်တော် |
| ဦးအောင်လင်း | တိုင်းဒေသကြီးလွှတ်တော် |
| ဦးလှမြင့်ဇော် | တိုင်းစိုက်ပျိုးရေး |
| ဦးဌေးဦး | ဆည်မြောင်း |
| ဦးကိုကိုကြီး | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ဦးတင်စိုး | တိုင်းဒေသကြီးလွှတ်တော် |
| ဦးအောင်ဝင်းကို | ဘဏ် ၃ |
| ဦးရွှေနန်း | တိုင်းဒေသကြီးလွှတ်တော် |
| ဦးဝင်းမြင့် | တိုင်းဒေသကြီးလွှတ်တော် |
| ဦးမောင်မောင်ဦး | တိုင်းဒေသကြီးလွှတ်တော် |
| ဦးသန်းဇော်ဝင်း | ပြည်တွင်းအခွန်များဦးစီးဌာန |
| ဒေါ်ရှင်မိုး | ရင်းနှီး၊ကူးသန်းဘဏ် |
| ဒေါ်မူမူဝေ | ရသုံးမှန်းခြေငွေစာရင်း |
| ဒေါ်စုစုအောင် | ရသုံးမှန်းခြေငွေစာရင်း |
| ဦးအောင်ကျော်ထူး | ဗဟိုဘဏ် |
| ဦးသန်းဌေး | တိုင်းဒေသကြီးလွှတ်တော် |
| ဦးတိုင်းအေး | တိုင်းဒေသကြီးလွှတ်တော် |
| ဦးဝင်းမြင့် | တိုင်းဒေသကြီးလွှတ်တော် |